Myanmar Centre for Responsible Business

# မြေဥပဒေ ဆိုင်ရာကိစ္စရပ်များ နှင့် (တာဝန်ယူမှုရှိသော) စီးပွားရေးလုပ်ငန်း တို့၏ ဆက်စပ်မှု


## ဗစ်ကီဘိုမန်


အမျိုးသားမြေဥပဒေရေးဆွဲရေးလုပ်ငန်းစီမံချက်
စီးပွားရေး လုပ်ငန်းများ နှင့် အွန်လိုင်း ဆွေးနွေးခြင်း
UNDP/MCRB/UMFCCI
၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့

THE DANISH INSTITUTE FOR HUMAN RIGHTS

IHRB

# မြေယာ နှင့်ပတ်သက်သော MCRB ၏ လုပ်ဆောင်မှုများ

- ပထမဆုံး မြေယာဆိုင်ရာ အကျဉ်းချုပ် စာတမ်း ၂၀၁၅ ဧပြီလတွင် ထုတ်ဝေသည်။
- ကုမ္ပဏီများကို မြေယာကိစ္စအား လူ့အခွင့်အရေး နှင့်တာဝန်ယူမှုရှိသော စီးပွားရေးအမြင်မှ အသိပညာပေးရန်။
- မြေယာဆိုင်ရာ အကျဉ်းချုပ် စာတမ်း Update လုပ်ဆောင်နေသည်။
- စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်းများတွင် မြေယာ အခန်းသီးသန့် ကွင်းဆင်းတွေ့ရှိမှုများ နှင့် ကုမ္ပဏီများအတွက် အကြံပြုချက်များ။
  - ရေနံနှင့် သဘာဝဓာတ်ငွေ့(၂၀၁၄)
  - ခရီးသွားလုပ်ငန်းကဏ္ဍ (၂၀၁၅)
  - သတင်းနှင့်နည်းပညာကဏ္ဍ(၂၀၁၆)
  - သတ္တုကဏ္ဍ (ခဲမဖြူ၊ ရွှေ၊ ထုံးကျောက်) (၂၀၁၈)
  - ဆီအုန်း ကဏ္ဍ (မထုတ်ဝေရသေး)
  - ဇီဝမျိုးစုံမျိုးကွဲ၊ စီးပွားရေးနှင့် လူ့အခွင့်အရေး စာတမ်း အနှစ် (၂၀၁၈)



# မြေဥပဒေ နှင့် ဆက်စပ် အဓိက အစိုးရ ဝန်ကြီးဌာန နှင့် ဦးစီးဌာနများ

- **စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI)**
  - **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(DALMS)**
    - မြေယာမှတ်ပုံတင်ခြင်း နှင့် ကွင်းမြေပုံများ
  - **မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ**
  - **ဗဟိုမြေယာစီမံခန့်ခွဲမှု**
    - ဥက္ကဌ: ဝန်ကြီး ; အတွင်းရေးမှူး : ညွှန်ကြားရေးမှူးချုပ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)
- **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC)**
  - **ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (ECD)**
    - ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) လုပ်ထုံးလုပ်နည်းများ
  - **မြေတိုင်းဦးစီးဌာန -** တရားဝင် ထုတ်ပြန်သော မြေမျက်နှာသွင်ပြင်ပြ မြေပုံများ
- **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (MoUG)**
  - **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
    - မြေယာစီမံခန့်ခွဲခြင်း; ရွာမြေ၊မြို့မြေ၊ စားကျက်မြေ.. စသည်။ မြေပိုင်ဆိုင်မှုစည်းမျဥ်းများ; အငြင်းပွားမှုများ
- **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန(MIFER)**
  - **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)**
    - MIC ပါမစ်များထုတ်ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မှ တစ်နှစ်ထက်ပိုသော မြေငှားရမ်းခြင်းအတွက် ထောက်ခံချက်များ

# ဆက်စပ် ဥပဒေများ

- မြေသိမ်းအက်ဥပဒေ (၁၈၉၄)/
- မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၉ ၊ ဩဂုတ် ၁၉ ရက်)
- မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ (ပြင်ဆင် ၂၀၁၈)
- လယ်ယာမြေဥပဒေ (၂၀၁၂၊ ပြင်ဆင် ၂၀၂၀)
- တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၂၀၁၃)
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ (၁၈၈၂)
- မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေ (၁၉၈၇၊ ပြင်ဆင် ၂၀၀၅)
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆၊ နည်းဥပဒေ ၂၀၁၇)
- မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇၊ ၃၅ ရာခိုင်နှုန်း သည် နိုင်ငံခြား)
- တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅၊ နည်းဥပဒေ၂၀၂၉)
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)
- စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ(၂၀၁၆)
- မြေနှင့် အခွန်အက်ဥပဒေ (၁၈၇၉)
- ကျေးရွာအက် ဥပဒေ (၁၉၀၈၊ ပြင်ဆင် ၁၉၅၅ နှင့် ၁၉၆၁)
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ (၂၀၁၂)
- စက်မှုဇုန် ဥပဒေ (၂၀၂၀)
- စည်ပင်သာယာရေးဥပဒေများ
- မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄)

<u>ကဏ္ဍများ</u>

သတ္တုဥပဒေနှင့် နည်းဥပဒေ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ

<u>အခြား</u>

ဇီဝမျိုးစုံမျိုးကွဲနှင့်

သဘာဝထိန်းသိမ်းရေးနယ်မြေများ

ကာကွယ်

စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ

ယဉ်ကျေးမှု အမွေအနှစ်များ

ထိန်းသိမ်းရေး ဥပဒေ

သစ်တော ဥပဒေ

# မြေယာနှင့် ဆိုင်သော အခြား အခြေအနေများ

- **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် - တိုင်ကြားစာများ**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် - တိုင်ကြားစာများ**
- **သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စီစစ်ရေး ဗဟိုကော်မတီ**
- **ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း**
- **တိုင်းရင်းသားလူမျိုးရေးပဋိပက္ခ၊ လက်နက်ကိုင် ပဋိပက္ခ ဒေသများ၊ ကရင်အမျိုးသားအစည်းအရုံးမြေယာမူဝါဒ**
- **၂၀၂၀ နေရောင်ခြည် စွမ်းအင်သုံးတင်ဒါ**
- **အဆောက်အအုံဆိုင်ရာစည်းမျဉ်းများမူကြမ်းကို ဆက်လက်ရေးဆွဲနေခြင်း**
- **စီမံကိန်းဘဏ် (Project bank)**
- **မြေဘဏ် (Land Bank) (၂၀၁၉ ဩဂုတ် ၊ သမ္မတ အမိန့်ကြော်ငြာစာ)**
- **နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ (၂၀၁၉)**
- **အမျိုးသားမြေအသုံးချမှု မူဝါဒ၊**
- **အမျိုးသားမြေယာအသုံးပြုမှုကောင်စီ၊**
- **အမျိုးသားမြေယာဥပဒေပြန်လည်ရေးဆွဲရေး လုပ်ငန်းစဥ်**

မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေး နှင့် ပြုပြင်ပြောင်းလဲရေး စီမံချက် (Draft MERRP) (MoPFI/MIFER – အတည်မပြုရသေး)

၉.၄ နိုင်ငံတော်ပိုင် မြေ၊ နှင့်မြေပေါ်ရှိ ပိုင်ဆိုင်မှု၊ စက်ရုံ၊ ဂိုဒေါင်နှင့်အလားတူ ပိုင်ဆိုင်မှုများကို ထိရောက်စွာနှင့် ပွင့်လင်းမြင်သာစွာ ငှားရမ်းခွင့်ပြုခြင်း (သို့) ငှားရမ်း အသုံးပြုနိုင်သည့် **မြေဘဏ်**ကို အမြန်ဆုံးတည်ထောင်ရန်(MIFER)

၉.၅ ပုဂ္ဂလိကပိုင် အိမ်ခြံမြေနှင့်ပစ္စည်းများကို ငှားရမ်းခွင့်ပြုခြင်း (သို့) ငှားရမ်းအသုံးပြုခြင်း တို့အတွက် အွန်လိုင်းပလက်ဖောင်းများ ကိုမြှင့်တင်ရန်

၁၀.၃ **စီမံကိန်းဘဏ်** အားအသုံးပြု၍ BOT သဘောတူစာချုပ်များ မှတဆင့် စက်မှုဥယျာဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ တန်ဖိုးမြှင့်တင်ရန် အတွက် ထိုစက်မှုဥယျာဉ်များနှင့် သီးခြား (သို့သော်ကပ်လျက် ဧရိယာများ) နေရာတွင် စက်မှုဥယျာဉ်များ အားထပ်မံတိုးချဲ့ ပြီး တန်ဖိုးမြှင့် စက်မှုလုပ်ငန်းများ အား ထိုနေရာများအတွက် ကျိုးကြောင်းဆီလျော်သော ဈေးနှုန်း များကို ကမ်းလှမ်းခြင်း (ရင်းနှီးမြှုပ်သူ၏ အတွေ့အကြုံ ဈေးကွက် ရှုရာ ခိုင်မာမှု ပေါ်မူတည်၍ နှန်းထား ပြောင်းလဲသော)

၁၀.၄ MoPFI နှင့် / သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ထိန်းချုပ်မှုအောက်ရှိ အဆောက်အအုံများ ပါ/ မပါ ဝင်သော **မြေလွတ်များ** (ဥပမာ စက်ရုံများ၊ ဂိုဒေါင်များနှင့်အလားတူ) အား စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ပြီး မြေဘဏ်တွင် ထည့်သွင်းရန်။ ဤပိုင်ဆိုင်မှုများကို စီမံကိန်းဘဏ် မှတဆင့် တန်ဖိုးမြှင့်စက်မှုလုပ်ငန်းများ ကအသုံးပြုရန်။

၁၃.၂ သင့်လျော်သောဒစ်ဂျစ်တယ်နည်းများဖြင့် **မြေယာမှတ်ပုံတင်ခြင်းစနစ်ကို တိုးမြှင့်ခြင်း**နှင့် ကျေးလက်နေ အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများကို အားကောင်းစေခြင်း

၁၃.၇ မြေယာဘဏ်တွင်ပါဝင်ရန် အလားအလာရှိသော **စီးပွားဖြစ်စိုက်ခင်းများ** (စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အပင်နှင့် တိရစ္ဆာန် ရောနှောစိုက်ပျိုးမွေးမြူခြင်း ကဏ္ဍများ) အတွက်ရရှိနိုင်သည့် မြေကွက်များကိုဖော်ထုတ်၊ ဆန်းစစ်ရန်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ (သို့) အစိုးရ နှင့် လုပ်ငန်းပူးတွဲလုပ်ငန်း များအတွက် ရရှိနိုင်ရန်။ (Not official translation)

# တာဝန်ယူမှုရှိသော စီပွားရေးလုပ်ငန်းများ အတွက်  အဟန့်အတား အန္တရာယ်

- သိမ်းယူခံရတဲ့ **မြေ၏သမိုင်းကြောင်း၊ မြေအငြင်းပွားမှု**ရှိနေသောမြေ၊ **စစ်ဘေးရှောင်ပြည်သူများ၏မြေ**
- မြေ**ပိုင်ဆိုင်သူအစစ်အမှန် မသိ**ရှိနိုင်ခြင်း၊ မပြည့်စုံသော (သို့) အဆင့်ဆင့် **မှတ်ပုံတင် မထားခြင်း**၊ တိကျသော **ပိုင်ဆိုင်မှုဖော်ပြသည့် မြေပုံ မရှိခြင်း**
- **မြို့ပြ နှင့် မြို့ဆင်ခြေဖုံး** လူဦးရေ သိန်းနှင့်ချီ၍ - တည်ပြုမထားသောမြေ၊ **ကျူးကျော်မြေ**၊ **စာရွက်စာတမ်း** မရှိခြင်း၊ မသေချာသော **မြေယာလုပ်ပိုင်ခွင့် အခွင့်အရေး**။ **တန်ဖိုးနည်း အိမ်ယာများ မရှိခြင်း၊ မြေအရောင်းအဝယ်ကစားခြင်း** အထူးသဖြင့် မြို့ပြ နှင့် စက်မှုဇုန်များအတွင်း
- **ဓလေ့ထုံးတမ်းဆိုင်ရာမြေယာလုပ်ပိုင်ခွင့် မရှိခြင်း**၊ မြေဆိုင်ရာ **စာရွက်စာတမ်း မရှိခြင်း** ကြောင့် မြေအသုံးပြုသူများ/ တောင်သူလယ်သမားများ အဟန့်အတား ပြသနာများရှိနိုင်ခြင်းနှင့် **နိုင်ငံတော်မြေအဖြစ်** အသိမ်းခံရနိုင်ခြင်း။
- စိုက်ပျိုးမြေပိုင်ရှင်၏အမည်သည် **အိမ်ထောင်ဦးစီး (အမျိုးသား၏အမည်**) ဖြင့်မှတ်တင်လေ့ရှိခြင်း။ **ဆုံးဖြတ်ချက်ချရာ**တွင် အမျိုးသားများ လွှမ်းမိုးသော စနစ်ဖြစ်နေခြင်း အမျိုးသမီး လယ်သမားများအတွက်အခက်တွေ့။
- **အများပြည်သူ အကျိုး**အတွက်ဟုဆိုကာ အာဏာသုံး၍ မြေသိမ်းယူခြင်း။ မြေသိမ်းခံ ရသူများ အတွက် **safeguards** နည်းပါးခြင်း။ **မြေယာလျော်ကြေး အသေးစိတ် စည်းမျဉ်းများ** တိကျစွာ သတ်မှတ်မထားခြင်း။
- ရေရှည်တည်တံ့နိုင်သော မြေအသုံးချမှုအလေ့အထများ၊ အထူးသဖြင့် **လယ်ယာစီးပွား အတွက်မြေရှင်းခြင်း**၊ ကြိုတင်စီမံ မှု မရှိသော/ကိုအော်ဒီနိတ်မဖြစ်သော လုပ်ဆောင်မှုများ။
- **အဂတိလိုက်စားမှု နှင့် ကြိုးနီစနစ်**








# မြေယာနဲ့ ပတ်သက်ရင် ကုမ္ပဏီများကို MCRB က အကြံပေးလေ့ရှိတာက…



- **မြေယာအသုံးပြုမှုနှင့်သိမ်းဆည်းမှုသမိုင်းနှင့်အခြေအနေကိုသတိပြု**ပြီးတာဝန်ယူမှုရှိရှိတုံ့ပြန်ပါ။ မြေပြင်သမိုင်း '' **မြေပြင်အမှန်တသိရှိရန်**။ **အစိုးရ (သို့) ရှေ့နေများ (သို့) ပိုင်ဆိုင်မှု ကိုဖော်ပြသည့် မြေကွက်များ**၏ မှတ်တမ်းများကိုလည်း **အပြည့်အဝအားမကိုးပါ**နှင့်။ အမွေအနှစ်များ (Legacies) နှင့်အတိတ်က သက်ရောက်မှုများကို **နိုင်ငံတကာက အကောင်းဆုံးအလေ့အကျင့်မျ** အပေါ် အခြေခံ၍ ဖြေရှင်းရန်။
- **သမိုင်းကြောင်းအရ မြေပိုင်ဆိုင်သူ / အသုံးပြုခွင့်ရှိသူတို့၏အခွင့်အရေးများ** (တရားဝင် သို့မဟုတ် ဓလေ့ထုံးတမ်း) ကိုလေးစားရန်ကြိုးစားပါ။ **Due diligence** တွင် မြေဈေးကစားခြင်း ရဲ့ သက်ရောက်မှုကိုလည်းထည့်သွင် လေ့လာရန်။ **ဒေသခံ၊ မြေပိုင်ရှင်များ** ၏ သတင်းအချက်အလက် (သို့) စာရွက်စာတမ်းများမရှိခြင်း ကို အခွင့်ကောင်းယူခြင်း၊ **အမြတ်ထုတ်ခြင်း မပြုရန်**။



- ရွာသူရွာသားများ၊ ရပ်ရွာခေါင်းဆောင်များ၊ ဒေသခံအာဏာပိုင်များနှင့် **တိုက်ရိုက်တိုင်ပင်ခြင်း**အားဖြင့် Due diligence ကို အသေးစိတ်စေ့စပ်သေချာစွာလုပ်ဆောင်ပါ။ **ရပ်ရွာများနှင့် ဆက်ဆံရေးကိုအမြန်ဆုံး တည်ဆောက်ပါ**။ **ထိခိုက်မှု လျှော့ချရေး လုပ်ငန်းစဥ်** အဆင့်ဆင့်ကိုအသုံးပြုပါ။ ရှောင်ပါ၊ လျှော့ပါ၊ လျော်ကြေးပေးပါ/ စောလျင်စွာ။ **Operational grievance mechan** ရှိပါ။
- အမျိုးသမီးများနှင့်မြေယာမဲ့များ အပါအဝင် **at- risk groups** များကိုအထူးဂရုပြုပေးပါ။ **တိုင်းရင်းသားလူနည်းစုများ** နေထိုင်ရာဒေသများ - အတွက် လိုက်နာရမဲ့ **စံသတ်မှတ်ချက်များ**ကိုလည်း ထည့်သွင်းစဉ်းစားရန်။ **ပဋိပက္ခဖြစ်ပွားရာဒေသများ** ရှိမြေယာလွှဲပြောင်းရေးမှုပြုလုပ်ပါက အမှားအယွင်း အတိမ်းအစောင်း မခံသောကြောင့် **conflict-sensitive steps** အဆင့်ဆင့်ကို ပြုလုပ်ရန်။ **ရခိုင်ပြည်နယ်တွင်း**ရှိ မြေယာနှင့်ပတ်သက်ပါက due diligence ပိုမို အလေးဂရုပြုလုပ်ဆောင်ရန်။



- မည်သည့်မြေယာလွှဲပြောင်း (ရောင်းချ၊ပေါင်နှံ၊ လဲလှယ် အစရှိ) သည့်မည်သည့် လုပ်ငန်းစဉ်တွင် မဆို **နိုင်ငံတကာစံနှုန်းများနှင့်လမ်းညွှန်ချက်များ** (UNGPs, FAO Voluntary Guidelines on the Responsible Governance of Ten IFC Performance standards) ကိုအသုံးပြုပါ။ အစိုးရ ဦးဆောင်သော ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတက စံနှုန်းများနှင့်ကိုက်ညီစေရန် ဩဇာလွှမ်းမိုးရန် ကြိုးစာရန်။

# နိုင်ငံတကာ စံနှန်းများ










BASIC PRINCIPLES AND GUIDELINES ON DEVELOPMENT-BASED
EVICTIONS AND DISPLACEMENT

Annex 1 of the report of the Special Rapporteur on adequate housing as a component of the right to an adequate standard of living

A/HRC/4/18

လုပ်ဆောင်မှု စံသတ်မှတ်ချက်များ
၅ - မြေ
၇ - ဌာနေတိုင်းရင်းသားများ

IFC International Finance Corporation
WORLD BANK GROUP

# ဆွေးနွေးရန်

- မြေယာနဲ့ပတ်သက်ပြီး ဘယ်အရာတွေက လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်ပြေနေပါသလဲ။ ဘာကြောင့်လဲ။
- မြေယာနဲ့ပတ်သက်ပြီး ဘယ်အရာတွေက လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်မပြေ ဖြစ်နေပါသလဲ။ ဘာကြောင့်လဲ။
- မြေနဲ့ ပတ်သက်တဲ့ ဘယ်ဥပဒေတွေက သင်၏ စီးပွားရေး (သို့) စီးပွားရေး ကဏ္ဍအတွက် ပြဿနာ၊ အခက်အခဲ ဖြစ်စေပါသလဲ (ကွာဟချက်များ၊ စီးပွားရေးလုပ်ငန်းကျင့်ဝတ်ဖြောင့်မှန်ရေ)
- ဒီအခက်အခဲများကို ဖြေရှင်းဖို့ အစိုးရ/တရားမှုဘောင် က လုပ်ဆောင်သင့်ပါသလဲ။ ဘယ်လိုပြောင်းလဲမှုတွေ မြင်ချင်ပါသလဲ တိကျစွာဆွေးနွေးပေးပါ။
    - ဥပဒေများ ပြင်ဆင်ရန်
    - ဥပဒေအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း
    - ဥပဒေအသစ်
    - လုပ်ငန်းစဥ်
    - အစရှိသည်.....
- အမျိုးသားမြေဥပဒေရေးဆွဲရေးလုပ်ငန်းစီမံချက်မည်သည့် စီပွားရေးအဖွဲ့အစည်းများပါဝင်သင့်သလဲ။

- အရင်ဆုံးအနေနဲ့ အားလုံး ပါဝင်နိုင်ဖို့ online polling လုပ်ကြရအောင်
- လျှို့ဝှက်ဖြေဆိုတဲ့ စနစ်ဖြစ်တာကြောင့် အရှိအတိုင်းဖြေပေးပါ
- ၁၀ မိနစ် နားပါမယ်
- နားပြီးရင် Chatham House Rule နဲ့ ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်

ဖုန်း သို့မဟုတ် တခြား device ရဲ့ browser ကိုဖွင့်ပါ။
www.menti.com ကိုသွားပါ။

11 59 92 3 ကိုရိုက်ထည့်ပါ။




(၁၀)မိနစ် နေရင်ပြန်တွေ့မယ်

# ဆွေးနွေးရန်

- မြေယာနဲ့ပတ်သက်ပြီး ဘယ်အရာတွေက လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်ပြေ/ အဆင်မပြေ ဖြစ်နေပါသလဲ။ ဘာကြောင့်လဲ။
- လက်ရှိ မြေယာဥပဒေတွေကြောင့် သင် (သို့) စီးပွားရေးကဏ္ဍအပေါ် ဘယ်လို အခက်အခဲမျိုးတွေ ဖြစ်စေပါသလဲ။
- အစိုးရ/ ဥပဒေမူဘောင် အရ ဒီအခက်အခဲမျိုးတွေ နဲ့ပတ်သက်လို ဘယ်လိုဆောင်ရွက်သင့်သလဲ။ ပြောင်းလဲမှု တွေဖြစ်ပေါ်လာစေဖို့ ဘာတွေအကြံပြုချင်ပါသလဲ။ တိကျစွာဖြေကြားပေးပါ။
  - ဥပဒေအားပြင်ဆင်ခြင်း
  - ဥပဒေအား အဓိပ္ပါယ်ပြန်ဆိုခြင်း
  - မြေယာဥပဒေ အသစ်ထွက်ရှိရန်
  - လုပ်ငန်းစဥ်
  - အခြား
- ဤလုပ်ငန်းစဥ်တွင် ပါဝင်သင့်သော အခြားစီးပွားရေးအဖွဲ့အစည်းများ ရှိပါသလား။

အမျိုးသားမြေဥပဒေရေးဆွဲရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ငယ်များ

- ဥပဒေများ သဟဇာတဖြစ်ရေး၊ အဂတိကင်းစင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံ အဆင့်ဆင့်၊ အမျိုးသား အဆင့်ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ
- မြေမျိုးနှင့် မြေအတန်းအစားခွဲခြားခြင်း၊ မြေအသုံးချမှုစီမံကိန်း၊ ဇုန်သတ်မှတ်ခြင်း နှင့် မြေပုံရေးဆွဲခြင်း၊
- မြေအငြင်းပွားမှုဖြေရှင်းဆောင်ရွက်ခြင်း၊ မြေယာကျူးကျော်ခြင်းကိစ္စရပ်ဆိုင်ရာ
- ဒေသခံတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်
- မြေခွန်နှင့် အခွန်အခ
- လုပ်ငန်းစဥ်အတွင် ဘတ်ဂျက် (ပြည်ထောင်စုအစိုးရ နှင့် အလှူရှင်၊ အင်ဂျီအို ပေါင်းစပ်ညှိနှိုင်းရေး)
- သတင်းဖြန့်ဝေရေး နှင့် အွန်လိုင်းပေါ်တယ်လ် စနစ်

# နောက်ဆုံးအနေနဲ့ အတွေးများ၊ အကြံပြုချက်များ ရှိပါသလား

လျှို့ဝှက် ဖြေဆို မျှဝေလိုပါက Menti
သို့သွားပါ ....



Mentimeter

[www.menti.com](http://www.menti.com)
သို့သွားပါ။

11 59 92 3
Code ရိုက်ထည့်ပါ။

ဒါမှမဟုတ် chatbox တွင်ရိုက်ထည့်ပါ .......

# Thank You!
# ကျေးဇူးတင်ပါတယ်

UNDP
United Nations Development Programme

Myanmar Centre for Responsible Business

UMFCCI